ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်ရုံး

စာအမှတ်၊ EIA-၁/၁၇/(လိုင်စင်လျှောက်ထားခြင်း)(၂၀၅၆/၂၀၂၃)
ရက်စွဲ ၊ ၂၀၂၃ ခုနှစ် မေလ ၃၀ ရက်

အကြောင်းအရာ။ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ပြုလုပ်သည့် တတိယပုဂ္ဂိုလ်/ အဖွဲ့အစည်းများ လုပ်ငန်းလိုင်စင်ဆိုင်ရာ လုပ်ထုံးလုပ်နည်းအရ လုပ်ငန်းလိုင်စင်များ လျှောက်ထားနိုင်ပြီဖြစ်ပါကြောင်း ထပ်မံနှိုးဆော် အကြောင်းကြားခြင်း

ရည် ညွှန်း ချက်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏၂၄-၄-၂၀၂၃ရက်စွဲပါ စာအမှတ်၊ EIA-၁/၁၇/(လိုင်စင်ပုံစံ)(၁၃၅၆/၂၀၂၃)

၁။ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ပြုလုပ်သည့် တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများလုပ်ငန်းလိုင်စင်ဆိုင်ရာလုပ်ထုံးလုပ်နည်းကို သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနမှ (၂၈-၂-၂၀၂၃) ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၂၂/၂၀၂၃) ဖြင့် ပြဋ္ဌာန်းထုတ်ပြန်ခဲ့ပြီးဖြစ်၍ "ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းပြုလုပ်သည့် တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများ လုပ်ငန်းလိုင်စင်ဆိုင်ရာ လုပ်ထုံးလုပ်နည်း မိတ်ဆက်ပွဲအခမ်းအနား" ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရုံးအမှတ်(၅၈)၊ ညွှန်ကြားရေးမှူးချုပ်ရုံး၌ (၃၁-၃-၂၀၂၃) ရက်နေ့တွင် ကျင်းပခဲ့ပြီး ရှင်းလင်းဆွေးနွေးပွဲတွင် တာဝန်ရှိသူများမှ လုပ်ငန်းလိုင်စင်များ စတင်လျှောက်ထားနိုင်ပါကြောင်း တက်ရောက်ခဲ့သည့် တတိယပုဂ္ဂိုလ်၊ အဖွဲ့အစည်းများကို ရှင်းလင်းပြောကြားခဲ့ပြီးဖြစ်ပါသည်။

၂။ လုပ်ငန်းလိုင်စင် လျှောက်ထားသူများအနေဖြင့် လုပ်ငန်းလိုင်စင်လျှောက်ထားရာတွင် အကြံပေးပုဂ္ဂိုလ်၊ တွဲဖက်အကြံပေးပုဂ္ဂိုလ်၊ အကြံပေးအဖွဲ့အမျိုးအစား (က) နှင့် အကြံပေး အဖွဲ့အမျိုးအစား (ခ) အတွက် လုပ်ငန်းလိုင်စင် လျှောက်လွှာပုံစံများကို www.ecd.gov.mm တွင် Download ရယူနိုင်ပါကြောင်းကို (၂၄-၄-၂၀၂၃) ရက်နေ့တွင် ကြားကာလ အကြံပေးလုပ်ကိုင်သူများ မှတ်ပုံတင်ခြင်း အထောက်အထားလက်မှတ်ရရှိသူ (၇) ကြိမ်မြောက် သက်တမ်းတိုးမြှင့်ပေးထားသည့် အဖွဲ့အစည်း (၃၆) ဖွဲ့၊ ပုဂ္ဂိုလ် (၉၄) ဦး နှင့် အသစ်ထပ်မံထုတ်ပေးသည့် အဖွဲ့အစည်း (၁၁) ဖွဲ့ ပုဂ္ဂိုလ် (၁၃၉) ဦးတို့ကိုလည်းကောင်း၊ (၂၄-၅-၂၀၂၃) ရက်နေ့တွင် (၇) ကြိမ်မြောက် သက်တမ်းမတိုးသည့် အဖွဲ့အစည်း (၁၄) ဖွဲ့၊ ပုဂ္ဂိုလ် (၅၃) ဦးတို့ကိုလည်းကောင်း ရည်ညွှန်းပါစာဖြင့် အီးမေးလ်ပေးပို့ အကြောင်းကြားခဲ့ပြီးဖြစ်ပါသည်။

၃။ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ပြုလုပ်သည့် တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများ လုပ်ငန်းလိုင်စင်ဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၆ (က)

တွင် "ဤလုပ်ထုံးလုပ်နည်း မထုတ်ပြန်မီ ကြားကာလအတွင်း ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းပြုလုပ်ရန် ထုတ်ပေးထားသော ကြားကာအကြံပေး လုပ်ကိုင်သူမှတ်ပုံတင်ခြင်း အထောက်အထားလက်မှတ်သည် ဤလုပ်ထုံးလုပ်နည်း ထုတ်ပြန်သည့် ရက်မှစ၍ ခြောက်လပြည့်မြောက်သည့်နေ့တွင် ပျက်ပြယ်မည်" ဖြစ်သည့်အတွက် လုပ်ငန်းလိုင်စင် လျှောက်ထားလိုသူများအနေဖြင့် ကြားကာလအကြံပေးလုပ်ကိုင်သူ မှတ်ပုံတင်ခြင်းအထောက်အထား လက်မှတ် မပျက်ပြယ်မီ အမြန်လာရောက်လျှောက်ထားရန် လိုအပ်သည့်အပြင် လျှောက်ထားသူများ အနေဖြင့် လူပုဂ္ဂိုလ်လုပ်ငန်းလိုင်စင်အား စတင်ရယူလျှောက်ထားရမည်ဖြစ်ပြီး လူပုဂ္ဂိုလ် လုပ်ငန်းလိုင်စင် ရရှိပြီးမှသာလျှင် အဖွဲ့အစည်းအတွက် လျှောက်ထားရမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ပြုလုပ်သည့် တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများ လုပ်ငန်းလိုင်စင်ဆိုင်ရာ လုပ်ထုံးလုပ်နည်းအရ လုပ်ငန်း လိုင်စင်လျှောက်ထားသူများအနေဖြင့် အီးမေးလ်မှတစ်ဆင့် ပေးပို့လာသော လုပ်ငန်းလိုင်စင် လျှောက်လွှာများ၊ ကာယကံရှင်ကိုယ်စား ပေးပို့လျှောက်ထားလာသော လုပ်ငန်းလိုင်စင် လျှောက်လွှာ များကို လက်ခံစိစစ် ဆောင်ရွက်သွားမည် မဟုတ်ပါကြောင်း၊ လူကိုယ်တိုင် လာရောက်လျှောက်ထားသည့် လျှောက်လွှာများကိုသာ လက်ခံစိစစ် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် အဖွဲ့အစည်းများ လုပ်ငန်း လိုင်စင်ရရှိနိုင်ရန် နောက်မကျစေရေးအတွက် လူပုဂ္ဂိုလ် လိုင်စင်များအား အမြန်ဆုံး လျှောက်ထားပါရန် ထပ်မံနှိုးဆော် အကြောင်းကြားအပ်ပါသည်။

29/9/2022

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
(ဒေါက်တာဆန်းဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်)

<u>ဖြန့်ဝေခြင်း</u>

ကြားကာလအကြံပေးလုပ်ကိုင်သူများမှတ်ပုံတင်ခြင်း အထောက်အထားလက်မှတ်ရရှိသူ (လူပုဂ္ဂိုလ်/ အဖွဲ့အစည်း) များ

မိတ္တူကို

ညွှန်ကြားရေးမှူးချုပ်ရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ဒုတိယညွှန်ကြားရေးမှူးချုပ်(ထိန်းချုပ်ရေး/သယံဇာတ)
ရုံးလက်ခံ၊ မျှောစာတွဲ